# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 5, 2020 Volume 36, Number 3


**၅.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၃၀၀၀ |
| ဒေါ်လာဈေး | = ၁၃၂၂/- ကျပ် |
| CBM Rate | = ၁၃၀၂.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၆.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၅.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၁.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ**

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၀-၂၀၂၁ ခုနှစ်ထွက် စပါးများကို အခြေခံရည်ညွှန်းဈေးဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင်ဝယ်ယူရန် ကျပ်ဘီလျံ ၂၀ အား နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ပြုရေး



၂၀၂၀-၂၀၂၁ ခုနှစ်ထွက် စပါးများကို အခြေခံရည်ညွှန်းဈေးဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင်ဝယ်ယူရန် ကျပ်ဘီလျံ ၂၀ အား နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ပြုရေး ဦးဆောင်အဖွဲ့သို့တင်ပြပြီး စီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြထားကြောင်း လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက်က Zoom Application ဖြင့် ကျင်းပခဲ့ရာတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်အတွက် တင်ဒါစနစ်ဖြင့် အခြေခံဈေးနှုန်းအောက်ကျနေသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် မိုးစပါးဝယ်ယူရေးဆောင်ရွက်ခဲ့ရာတွင် ဝယ်ယူပြီးနောက် ပြင်ပပေါက်ဈေးနှုန်းသည် အခြေခံဈေးနှုန်းအထက်တွင်ရှိသည်ကို တွေ့ရှိရ၍ မိမိတို့၏ ဆောင်ရွက်မှုသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု သုံးသပ်မိကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်ထွက် စပါးများကို အခြေခံရည်ညွှန်းပါဈေးနှုန်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ငါးခုတွင် ဝယ်ယူရန်အတွက် ကျပ် ဘီလျံ ၂၀ အား နိုင်ငံတော်

လှည့်ပတ်ရန်ပုံငွေ (Revolving Fund) မှ ထုတ်ယူသုံးစွဲခွင့်ပြုနိုင်ရေး ဦးဆောင်အဖွဲ့သို့တင်ပြပြီး စီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြပြီး ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

၂၀၁၉-၂၀၂၀ ခုနှစ်အတွက် စပါးများကို ဝယ်ယူခဲ့မှုအပေါ်အားသာချက်၊ အားနည်းချက်များကို သုံးသပ်နိုင်ရေးအတွက် လည်းကောင်း၊၂၀၂၀-၂၀၂၁ ခုနှစ်တွက် စပါးများကို အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဝယ်ယူသည့်အခါ ယခင်နှစ်များကဲ့သို့ အခက်အခဲများမဖြစ်ပေါ်စေရေးအတွက် ဝယ်ယူမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ စပါး၊ ဆန်ဝယ်ယူကြိုးကြပ်မှုလုပ်ငန်းအဖွဲ့များ ၊ အသင်းအဖွဲ့များမှ ဝိုင်းဝန်း ဆွေးနွေးပေးရန် ဒုတိယဝန်ကြီးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အတွင်းက ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများ၌ နိုင်ငံတော် ရန်ပုံငွေဖြင့် စပါးဝယ်ယူရန်ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွက် ကျပ်ရှစ်ဘီလျံနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ကျပ်ငါးဘီလျံလျာထားခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက ပြောကြားခဲ့သည်။ သတ်မှတ်ထားသော အခြေခံစပါးဈေးနှုန်းအောက် ကျဆင်းပါက နိုင်ငံတော်မှ စပါးဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေအဖြစ် ကျပ် ၁၅ ဘီလျံလျာထားခဲ့သည်။

တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ အဆိုပါစပါးဝယ်ယူဆောင်ရွက်ခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှ စီမံဆောင်ရွက်မည်ဖြစ်သည်။ ထို့ကြောင့် စပါးဝယ်ယူပေးရန် လိုအပ်သောပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သို့ တင်ပြဆွေးနွေးရမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀ ခုနှစ် နွေစပါးကို အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် တင်းတစ်ရာလျှင် ကျပ်ငါးသိန်းအဖြစ် သတ်မှတ်ဝယ်ယူရမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ထုတ်ပြန်ခဲ့သည်။

အခြေခံစပါးဈေးနှုန်းသတ်မှတ်ရာတွင် စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းနှင့် အဖျင်း အမှော်၊ ဖုန်၊ ခဲ၊ သဲကင်းစင်သည့် တစ်တင်း ၄၆ ပေါင်ရှိသော စပါးတင်းတစ်ရာကို ဆိုလိုခြင်းဖြစ်သည်။ ဈေးကွက်အတွင်း အခြေခံဈေးနှုန်း ကျပ်ငါးသိန်းအထက်ရှိနေပါက ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးနှုန်းသည် အခြေခံဈေးနှုန်း ကျပ်ငါးသိန်းအောက်ကျဆင်းခဲ့ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/194662

## စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်နှင့်ချောင်းဦးမြို့နယ်တွင် ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် ၁၉၇၁ သန်းကျော် ရင်းနှီးမြှုပ်နှံပြီး ကြက်မွေးမြူရောင်းချခြင်းလုပ်ငန်းနှစ်ခုလုပ်ကိုင်မည်

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်နှင့်ချောင်းဦးမြို့နယ်တွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် ၁၉၇၁ သန်းကျော်ရင်းနှီးမြှုပ်နှံပြီး ကြက်မွေးမြူရောင်းချခြင်း လုပ်ငန်းနှစ်ခုကိုလုပ်ကိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၇/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးမှ အတည်ပြုပေးခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဦးပိုင်အမှတ် (၉၉/က/ ၁၅၃၊ ၉၉ခ/၁၅၄၊ ၁၅၅)၊ ကွင်းအမှတ် (၂၃၆/ နွေဘပင်ရိုး) ကံဆွယ်ကျေးရွာတွင် မေခဇော်ကုမ္ပဏီလီမိတက်က ကျပ် ၁၀၄၅ ဒသမ ၅၀၀ သန်းကို ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကြက်မွေးမြူ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန် အတည်ပြုပေးလိုက်သည်။

မုံရွာခရိုင် ချောင်းဦးမြို့နယ် ဦးပိုင်အမှတ် (၁၂၅/၂၊ ၁၂၆/၁)၊ ကွင်းအမှတ် (၁၉၇၆/ ဆင်မြေရွာမ)၊ ငါးလုံးတင်ကျေးရွာ အုပ်စုတွင် မေခဇော်ကုမ္ပဏီလီမိတက်က ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် ၉၂၆ သန်းရင်းနှီးမြှုပ်နှံပြီး ကြက်မွေးမြူရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန် အတည်ပြုလိုက်ခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၇/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မြန်မာနိုင်ငံသား ၃၀ အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ကိုဗစ်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပြတ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်နေပြီး စက်မှုကဏ္ဍတွင် တရုတ်နှင့် ထိုင်ဝမ်မှ ဒေါ်လာ ၁၅ ဒသမ ၇ သန်း

ကျော်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုကို ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (Yangon Region Investment Committee– YRIC) က အတည်ပြုပေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ LED နှင့် Lighting accessories ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အိတ်၊ အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

**Source:** https://news-eleven.com/article/194667

## ပြည်ပတင်ပို့ရာတွင် လမ်းခရီးအခက်အခဲနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် သခွားမွှေးစိုက်ပျိုးမှုလျော့နည်းနိုင်



မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် သခွားမွှေးစိုက်ရာသီတွင် နှစ်စဉ်စိုက်ပျိုးနေကျ ဧက၏ငါးပုံတစ်ပုံခန့်သာ စိုက်ပျိုးနိုင်ကြောင်း မကွေးတိုင်းဒေသကြီး ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း၏ ပြောပြချက်အရ သိရသည်။ "နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေက မကွေးတိုင်းဒေသကြီးအတွင်း သခွားမွှေးစိုက်တဲ့ လတွေဖြစ်ပြီး တရုတ်နိုင်ငံကို သွားရောက်ရောင်းချရမယ့် လမ်းခရီးခက်ခဲတာ၊ ခရီးစဉ်အတွင်း အသီးအရည်အသွေးကျဆင်းတာနဲ့ ဈေးကောင်းမရတာတွေကြောင့် ဒီနှစ်ရာသီမှာ သခွားမွှေးစိုက်ပျိုးမှု လျော့နည်းနိုင်ပါတယ်။ ပုံမှန်ဆိုရင် မကွေးတိုင်းဒေသကြီးမှာ စိုက်ဧက ၇၀၀ နဲ့ ၁၀၀၀ ကြားလောက်ရှိတာ၊ ဒီနှစ် ဧက ၁၀၀ ထက် မရှိနိုင်ပါဘူး" ဟု ဦးကျော်မင်းကပြောသည်။

ယခင်နှစ် သခွားမွှေးစိုက်ရာသီက အသီးအထွက်နှုန်းနည်းခဲ့သည့်အပြင် ရုတ်တရက် ဈေးကျဆင်းခဲ့ သဖြင့် ဈေးကောင်းမရဘဲ သီးနှံတင်ဆောင်သော ယာဉ်ငှားခများလည်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။ လက်ရှိတွင် သခွားမွှေးစိုက်တောင်သူများသည် တခြားသီးနှံများဖြစ်သော မြေပဲ၊ ကုလားပဲ စသည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးနေသဖြင့် သခွားမွှေးစိုက်ပျိုးမှု လျော့နည်းနိုင်ကြောင်း ခန့်မှန်းထားပြီး အစိုက်နည်းသောကြောင့် အသီးအထွက်နှုန်းနည်းကာ ဈေးကောင်းရရှိနိုင်ကြောင်း မူဆယ်(၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်သက်ဦးက ခန့်မှန်းထားသည်။

**Source:** https://www.myawady.net.mm/node/2566

## မြန်မာ့သနပ်ခါးကို ကမ္ဘာ့အသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး UNESCO မှ လက်ခံဆွေးနွေးမည်




မြန်မာ့သနပ်ခါးကို ကမ္ဘာ့အသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် UNESCO သို့ တင်ပြထားရာ လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှု အမျိုးသားအမွေအနှစ်ကော်မတီမှသိရသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သနပ်ခါးကို ပထမဆုံး တင်သွင်းခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ UNESCO သို့ တင်ပြခဲ့ရာ UNESCO မှ လက်ခံဆွေးနွေးရန် အကြောင်းပြန်ခဲ့ခြင်း ဖြစ်သည်။ "သူတို့လိုတဲ့ အချက်အလက်တွေရှိရင် ပြန်မေးတယ်။ ကျွန်တော်တို့တင်ထားတဲ့ အဆိုပြုစာတွဲနဲ့ပတ်သက်ပြီးတော့ ပြည့်စုံတယ်၊ လက်ခံဆွေးနွေးမယ်ဆိုပြီး မတ်လက အကြောင်းပြန်တယ်။ အခုဆိုရင် ပညာရှင်တွေပါတဲ့ အကဲဖြတ်အဖွဲ့ကနေ ဒါကိုစစ်ဆေးမှာပါ" ဟု မြန်မာနိုင်ငံဒြပ်မဲ့ယဉ်ကျေးမှု အမျိုးသားအမွေအနှစ်ကော်မတီအဖွဲ့ဝင် ဦးရဲမြတ်အောင်က ပြောသည်။

ယင်းသို့ တင်ပြထားခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့အသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်မည်၊ မသတ်မှတ်မည်ကို ၂၀၂၁ ခုနှစ်နှောင်းပိုင်းတွင် ကြေညာဖွယ်ရှိကြောင်း သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ပဏာမစာရင်းကောက်ယူထားမှုများအရ အမွေအနှစ် ၂၂၁၇ ခုရှိရာမှ မြန်မာ့သနပ်ခါးကို UNESCO သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာ့သနပ်ခါးသည် UNESCO 2003 Convention ပါ သတ်မှတ်ချက် Domain ငါးခုစလုံးနှင့် အကျုံးဝင်ခြင်း၊ တစ်မျိုးသားလုံး၏ ယဉ်ကျေးမှု လက္ခဏာတစ်ရပ်အဖြစ် ကိုယ်စားပြုခြင်း၊ တစ်မျိုး သားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့် နေ့စဉ်လူနေမှုဘဝများတွင် အရေးပါသော ကဏ္ဍ၌ ပါဝင်နေသည့်အပြင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီနေသည့်အတွက် မြန်မာ့သနပ်ခါး က UNESCO သို့ တင်သွင်းခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2567

## မြန်မာတွင် COVID-19 ကူးစက်မှုမြင့်တက်နေ၍ ထိုင်းအစိုးရက ရနောင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို စည်းကမ်းတင်းကျပ်

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်မှုမြင့်တက်နေခြင်းကြောင့် ထိုင်းနိုင်ငံအစိုးရက ရနောင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို စည်းမျဉ်းများထပ်မံတင်းကျပ်လိုက်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ အောက်တိုဘာလ ၃ ရက်မှ စတင်ပြီး ကုန်စည်တင်ဆောင်လာသော စက်လှေများ၊ ငါးဖမ်းစက်လှေများမှ လိုက်ပါလာသော အလုပ်သမားများကို ကုန်းပေါ်သို့ တက်ခွင့်မပြုကြောင်း ရနောင်းခရိုင်အစိုးရအဖွဲ့က စာထုတ်ထားသည်။ မြန်မာနိုင်ငံကော့သောင်းမြို့မှ ရေထွက်ကုန်များကို ထိုင်းနိုင်ငံနယ်စပ်မြို့ ရနောင်းသို့သွားရောက်ရောင်းချရာတွင် ကုန်စည်များသာလက်ခံပြီး လူအများကို ကမ်းပေါ်တက်ရောက်ခွင့်မပြုခြင်းဖြစ်သည်။ "ရေထွက်ကုန်တွေကိုတော့ ဝယ်မယ်။ လူတွေကိုတော့ ကမ်းပေါ်တက်ခွင့်မပေးဘူး။ ကုန်သွယ်မှုကတော့ ဆက်လုပ်နေနိုင်မယ့်သဘောပါ" ဟု ဦးဝင်းကြိုင်ကပြောသည်။

တစ်ရက်ကုန်သွယ်မှု ဒေါ်လာတစ်သန်းခန့် အပြန်အလှန် ကုန်သွယ်နေသော ကော့သောင်း-ရနောင်း နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသည် မြန်မာ၊ ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် ဒုတိယကုန်သွယ်မှုအများဆုံး လုပ်ဆောင်နေသည်။ လက်ရှိတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းရှစ်ခုဖွင့်လှစ်ထားသည်။ မြဝတီ-မဲဆောက်ကုန်သွယ်ရေး လမ်းကြောင်းတွင် ကုန်သွယ်မှုအများဆုံးလုပ်ဆောင်နေပြီး ယခု ဘဏ္ဍာနှစ်အတွင်း ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော် ကုန်သွယ်နိုင်ခဲ့သည်။

ကော့သောင်း-ရနောင်း နယ်စပ်ကုန်သွယ်ရေး တန်ဖိုး ဒေါ်လာ သန်း ၃၆၀ ခန့်ရှိပြီး မြန်မာနိုင်ငံ၏ ရေထွက်ကုန်များကို အဓိကရောင်းချသော လမ်းကြောင်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံမှ တစ်ရက် ရေထွက်ကုန်ရောင်းချမှုသည် ပုံမှန်အချိန်တွင် ဒေါ်လာ ၅၀၀,၀၀၀ မှ ဒေါ်လာ ၁,၀၀၀,၀၀၀ အကြား တင်ပို့ခဲ့သည်။ လက်ရှိအချိန်တွင်လည်း မြန်မာ့ရေထွက်ကုန်များ ပုံမှန်တင်ပို့မှု၏ ထက်ဝက်ခန့်ကို ရောင်းချနေကြောင်း ကော့သောင်းနယ်စပ်မှ ရေထွက်ကုန် လုပ်ငန်းရှင်တစ်ဦးကပြောသည်။
မြန်မာနိုင်ငံတွင် COVID- 19 ကပ်ရောဂါ ကူးစက်မှုမြင့်တက်နေချိန်တွင် ထိုင်းအစိုးရသည် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ကန့်သတ်မှုများ တိုးမြှင့်လုပ်ဆောင်လာသည်။ ပြီးခဲ့သည့် စက်တင်ဘာအတွင်းက တာချီလိတ်၊ မယ်ဆိုင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် ထိုင်းဒေသခံအစိုးရ အာဏာပိုင်များ၏ ကန့်သတ်တားမြစ်မှုများကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ အခက်အခဲကြုံခဲ့ရ သည်။

**Source:** https://7day.news/detail?id=200971

## အွန်လိုင်းစနစ်ဖြင့် အခွန်ငွေပေးဆောင်နိုင်သည့် ဘဏ်ခုနစ်ခုရှိလာ

အွန်လိုင်းစနစ်ဖြင့် အခွန်ငွေပေးဆောင်နိုင်သော ပုဂ္ဂလိကဘဏ်ခုနစ်ခုအထိရှိလာကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက အောက်တိုဘာ ပထမပတ်တွင်ထုတ်ပြန်သည်။ အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် လက်ရှိကူးစက်

ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို အကာအကွယ်ဖြစ်စေရန် အီလက်ထရွန်နစ်စနစ်ဖြင့် ပုဂ္ဂလိကဘဏ်များ၏ Banking အသုံးပြု၍ ငွေရေးကြေးရေးဝန်ဆောင်မှုများဖြင့် အခွန်ပေးဆောင်နိုင်မှုများကို ဆက်လက်အကောင်အထည်ဖော်မည်ဟု အသိပေးသည်။ အခွန်ထမ်းများအနေဖြင့် MPU Corporate Debit Card များကို အသုံးပြု၍ အွန်လိုင်းမှ CB ဘဏ်၊ ရေဝတီဘဏ်၊ UAB ဘဏ်၊ KBZ ဘဏ်၊ MAB ဘဏ် များ၏ အီလက်ထရွန်နစ်ငွေပေး ချေမှုစနစ်များနှင့် AGD ဘဏ်၏ Onepay စနစ်ကို အသုံးပြု၍ ရရှိနေပြီဟုဆိုသည်။ အလားတူ အောက်တိုဘာပထမပတ်ကစ၍ မြဝတီလီမိတက်ဘဏ်၏ အွန်လိုင်းမှ တစ်ဆင့် ကုမ္ပဏီများမှ အခွန်ငွေ ပေးဆောင်နိုင်ပြီဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနက ကြေညာသည်။

ပုဂ္ဂလိကဘဏ်များသို့ အခွန်ငွေပေးဆောင်သည့် ငွေစာရင်းကို မြန်မာနိုင်ငံဗဟိုဘဏ်၏ CBM – Net (ငွေပေးချေမှုကွန်ရက်) ထဲသို့ ကနဦးရရှိပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ငွေပေးသွင်းမှု အထောက်အထားကို အီးမေးလ်မှတစ်ဆင့် ပြန်လည် အကြောင်းကြားမည် ဖြစ်သည်။

ထို့ကြောင့် အခွန်ထမ်းသူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်ဖြင့် ငွေသားချက် လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမှုအစား အီလက်ထရွန်နစ်ဖြင့် ငွေပေးချေမှုဆောင်ရွက်ရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းကတိုက်တွန်းသည်။ "နောက်ထပ် အခွန်ထမ်းတွေ လက်လှမ်းမီနိုင်တဲ့ အီလက်ထရွန်နစ် ငွေပေးချေမှုပုံစံတွေ ဆက်လက်အကောင်အထည်ဖော်ဖို့ရှိပါတယ်" ဟု ဦးကျော်သိန်းကပြောသည်။ လစာဝင်ငွေခွန်ကိုလည်း အွန်လိုင်းစနစ်အသုံးပြု၍ အောက်တိုဘာ ၁ ရက်ကစတင်ကာ အထက်ပါ ပုဂ္ဂလိကဘဏ် များမှတစ်ဆင့်ငွေပေးချေနိုင်ပြီ ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Source: https://7day.news/detail?id=200972**

## အာဆီယံထုတ်လုပ်မှုကဏ္ဍအခြေအနေ ရှေ့ဆက်ကျဆင်းလာခဲ့ပြီး စစ်တမ်းတွင်ပါဝင်သည့် ခုနစ်နိုင်ငံအနက် မြန်မာနိုင်ငံက ကုန်ထုတ်လုပ်ငန်းများ အသိသာဆုံးဆုတ်ယုတ်လာ

အာဆီယံထုတ်လုပ်မှုကဏ္ဍအခြေအနေ ရှေ့ဆက်ကျဆင်းလာခဲ့ပြီး စစ်တမ်းတွင် ပါဝင်သည့်ခုနစ်နိုင်ငံအနက် မြန်မာနိုင်ငံက ကုန်ထုတ်လုပ်ငန်းများ အသိသာဆုံးဆုတ်ယုတ်လာကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော IHS Markit စစ်တမ်းတွင် ဖော်ပြချက်အရသိရသည်။ စက်တင်ဘာလ နောက်ဆုံးစစ်တမ်းဒေတာအရ အာဆီယံထုတ်လုပ်ရေးအခြေအနေများမှာ တတိယသုံးလပတ် အဆုံးပိုင်းတွင် စိန်ခေါ်မှုများ ရှိမြဲရှိနေဆဲဖြစ်သည်။ ဩဂုတ်လတွင် တည်ငြိမ်ခဲ့သည့်နောက်ပိုင်း ထုတ်လုပ်မှုသည် အလုပ်သစ်ရရှိမှု ဆက်လက်ကျဆင်းလာမှုအကြားတွင် နိမ့်ကျသွားခဲ့သည်။ ဤအတောအတွင်း ကုမ္ပဏီများက ဝန်ထမ်းဦးရေကို ၁၆ လမြောက်ဆက်တိုက် ဖြတ်တောက်ခဲ့ကြသော်လည်း အလုပ်နေရာလျှော့ချခံမှုနှုန်းမှာ ဩဂုတ်လထက် မသိမသာအားပျော့လာခဲ့သည်။ သို့သော်လည်း ကုမ္ပဏီများက စီးပွားရေးနာလန်ပြန်ထူလာမည်ဟု ယေဘုယျအားဖြင့် ပို၍ယုံကြည်နေကြသောကြောင့် လာမည့် ၁၂ လဆိုင်ရာ ထုတ်လုပ်မှုမျှော်မှန်းချက်များမှာ ရှစ်လအတွင်း အမြင့်ဆုံးသို့ တက်လှမ်းခဲ့ရာ အပြုသဘောလက္ခဏာအချို့ကို မြင်တွေ့ရသည်။

အာဆီယံ PMI အညွှန်းမှာ ဩဂုတ်လ ၄၉ မှ စက်တင်ဘာလတွင် ၄၈ ဒသမ ၃ သို့ နိမ့်ဆင်းသွားကာ အာဆီယံ ထုတ်လုပ်ရေးကဏ္ဍ၏အခြေအနေ ဆက်လက်ဆုတ်ယုတ်နေကြောင်း အချက်ပြနေသည်။ သို့သော်လည်း နောက်ဆုံးလ၏ အညွှန်းမှာ COVID-19 ကပ်ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့သည့် နွေဦးတွင်မြင်ခဲ့ရသည်ထက် သိသာစွာမြင့်မားလျက် ရှိနေသည်။ အဘက်ဘက်မှ ကျဆင်းလာမှု၏ အဓိကအကြောင်းရင်းမှာ စက်မှုထုတ်လုပ်မှု ထပ်မံကျဆင်းလာခြင်းနှင့်အတူ အော်ဒါမှာယူမှုပမာဏများ ခုနစ်လဆက်တိုက် ကျဆင်းလာမှုဖြစ်ပြီး ကျဆင်းမှုနှုန်းမှာမူ အသင့်အတင့်မျှသာရှိသည်။ အကျုံးဝင်သည့် ခုနစ်နိုင်ငံအနက် မြန်မာနိုင်ငံ၏အခြေအနေများမှာ အသိသာဆုံး ဆုတ်ယုတ်လာခဲ့သည်။ ညွှန်းကိန်းမှာ စက်တင်ဘာတွင် စံချိန်တင်နီးပါးနိမ့်သည့် ၃၅ ဒသမ ၉ သို့ ထိုးကျသွားခြင်းက တင်းကြပ်သည့် Lockdown အစီအစဉ် များကြောင့် ထုတ်လုပ်နိုင်စွမ်းများ အားနည်းလာမှုကို မီးမောင်းထိုးပြလိုက်သည်။

အင်ဒိုနီးရှားသည်လည်း ဩဂုတ်လတွင် အခြေအနေများ မသိမသာကောင်းလာခဲ့မှုနောက်တွင် အသစ်တဖန်ကျဆင်းမှုကို ရင်ဆိုင်ခဲ့ရသည်။ ညွှန်းကိန်း ၄၇ ဒသမ ၂ က ကူးစက်မြန်ရောဂါ၏ အဆိုးရွားဆုံးကာလက မြင်ခဲ့ရသည့်ကျဆင်းမှုထက်

များစွာညင်သာခဲ့သော်လည်း အပြင်းထန်ဆုံးတစ်ခု ဖြစ်နေဆဲဖြစ်သည်။ အခြားနိုင်ငံများအနက် စင်ကာပူနှင့် မလေးရှားတွင် ရှေ့ဆက်ကျဆင်းမှုကို မှတ်တမ်းတင်ခဲ့သည်။ စင်ကာပူတွင် အခြေအနေများ နောက်ဆုံးဆုတ်ယုတ်ခဲ့မှုမှာ ဇန်နဝါရီမှစပြီး အားအပျော့ဆုံးဖြစ်ခဲ့ပြီး ခြုံပြောရလျှင် အသင့်အတင့် ညွှန်းကိန်း ၄၈ ဖြစ်ခဲ့သည်။ မလေးရှားကုန်စည်ထုတ်လုပ်သူတို့က မသိမသာများသည့် ကျဆင်းမှုနှုန်းကို မှတ်တမ်းတင်ခဲ့ကြပြီး ညွှန်းကိန်းမှာ လေးလအတွင်း အနိမ့်ဆုံး ၄၉ သို့ နိမ့်ဆင်းသွားသည်။ ဤအတောအတွင်း ထိုင်းနှင့် ဖိလစ်ပိုင်တို့မှာ အခြေအနေများ တည်ငြိမ်နေသည်။ ယင်းနိုင်ငံများ၏ အညွှန်းမှာ ၄၉ ဒသမ ၉ နှင့် ၅၀ ဒသမ ၁ တွင် အသီးသီးရှိနေရာ အမှတ် ၅၀ ဝန်းကျင်တွင်ဖြစ်သည်။ ဗီယက်နမ်ထုတ်လုပ်ရေးကဏ္ဍမှာ စက်တင်ဘာတွင် သုံးလအတွင်း အခြေအနေများ ပထမဦးဆုံးအကြိမ်တိုးတက်ခဲ့သည်။ ညွှန်းကိန်း ၅၂ ဒသမ ၂ မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လမှစပြီး အမြင့်ဆုံးဖြစ်ခဲ့ရာ အခြေအနေများ အသင့်အတင့်ကောင်းမွန်လာခြင်းကို အချက်ပြနေသည်။

ခြုံကြည့်လျှင် စက်တင်ဘာဒေတာက အာဆီယံထုတ်လုပ်ရေးကဏ္ဍတစ်ဝန်းမှ စိန်ခေါ်မှုများသည့် အခြေအနေများကို မီးမောင်းထိုးပြနေသည်။ ဖောက်သည်များဘက်မှ ဝယ်လိုအားပျော့လာခြင်း၏ ရောင်ပြန်ဟပ်မှုကို ရရှိသည့်အော်ဒါ စုစုပေါင်း ပမာဏများ ကျဆင်းလာမှုကိုတွေ့မြင်ရပြီး ရလဒ်အနေဖြင့် စက်ရုံထုတ်လုပ်မှုကို ကျဆင်းစေခဲ့သည်။ ပြည်ပတင်ပို့ရေး အော်ဒါသစ်များရရှိမှု သိသာစွာဆက်လက်ကျဆင်းလာခဲ့၍ နိုင်ငံတကာဈေးကွက်များလည်း အားနည်းလာသည်မှာ ထင်ရှားနေသည်။ အကျိုးဆက်အဖြစ် လက်ကျန်အလုပ်ပမာဏများ တစ်ဟုန်ထိုးဆက်လက်ကျဆင်းလာခဲ့ပြီး ကုန်စည်ထုတ်လုပ်သူတို့က ၎င်းတို့၏ဝန်ထမ်းဦးရေကို ရှေ့ဆက်ဖြတ်တောက်ခဲ့ကြသည်။ ထုတ်လုပ်မှုလျှော့ချရန်လိုအပ်ခဲ့၍ အာဆီယံထုတ်လုပ်ရေးကုမ္ပဏီများက ဝယ်ယူရေးလုပ်ငန်းများကို လျှော့ချခဲ့ကြပြီး တစ်ချိန်တည်းတွင် ပစ္စည်းပေးသွင်းမှု ကြာမြင့်ချိန်များ ရှေ့ဆက်ဆုတ်ယုတ်ခဲ့ကာ လုပ်ငန်းပြီးဆုံးရန် ကြာမြင့်ချိန်များလည်း တိုးလာခဲ့သည်။ အကျိုးဆက်အဖြစ် ထည့်သွင်းကုန်စရိတ်များမှာ ခြောက်လဆက်တိုက် မြင့်တက်လာခဲ့ပြီး တိုးလာမှုနှုန်းမှာ မေလမှစပြီး အနည်းဆုံးဖြစ်ခဲ့သော်လည်း သိသာသည့်နှုန်း ဖြစ်ခဲ့သည်။ လာမည့် ၁၂ လအတွက် ထုတ်လုပ်ရေးမျှော်မှန်းချက်များမှာ နှစ်လဆက်တိုက် ပိုကောင်းလာပြီး အကောင်းမြင်မှုအဆင့်မှာ ရှစ်လအတွင်း အမြင့်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။

HS Market မှ စီးပွားရေးပညာရှင် Lewis Cooper က “ အာဆီယံထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်းက အခြေအနေတွေ တတိယသုံးလပတ်အကုန်ပိုင်းမှာ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ထုတ်လုပ်မှုတွေ အသစ်တဖန်ကျဆင်းလာပြီး အော်ဒါသစ်ရရှိမှုလည်း လျော့နည်းလာတဲ့အချိန်မှာ ကဏ္ဍအခြေအနေက ခုနစ်လအတွင်း ဆက်တိုက်ဆက်လက်ဆုတ်ယုတ်လာနေတာကို ညွှန်းကိန်းက အချက်ပြနေပါတယ်” ဟု ပြောကြားသည်။

**Source:** https://news-eleven.com/article/194577?fbclid=IwAR3VRjvLmygklGYaOE45AYwvYQX_olaYBSCnTbcnwGoxPtEtXfTBo0CEFxQ

## Covid ကာလအတွင်း ပို့ကုန်သွင်းကုန်လိုင်စင် စောင်ရေနှစ်သောင်းကျော် ထုတ်ပေးထားပြီးကြောင်းသိရ

COVID-19 အရေးပေါ်ကာလအတွင်း အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ နှစ်သောင်းကျော်ထုတ်ပေးပြီး ဖြစ်ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှသိရသည်။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် COVID-19 အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဧပြီလ ၁ ရက်မှ စတင်၍ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များအား အွန်လိုင်းစနစ်ဖြင့် တိုးချဲ့ထုတ်ပေးလျက်ရှိရာ စက်တင်ဘာလ ၂၄ ရက်ထိ ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ (၂၃၆၀၀ ) တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၇ ဒသမ ၆)ဘီလီယံကျော်ဖိုးကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

လက်ရှိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး(Covid-19) မှာ ပျံ့ပွားလျက်ရှိပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများထံသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လူလူချင်းထိတွေ့မှုများ ဟန့်တားနိုင်ရေး၊ ပိုးကူးစက်မှုများအား လျှော့ထားနိုင်ရေးအတွက် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှုကို ဧပြီလ ၁ ရက်မှစတင်၍ အွန်လိုင်းမှ လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို စတင်ခွင့်ပြုဆောင်ရွက် ပေးနေခြင်းဖြစ်သည်။

သို့ဖြစ်၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာတွင်မဆို လိုင်စင်လျှောက်ထားခြင်း ၊ ငွေကြေးပေးသွင်းခြင်း ၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခင်ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် လျှောက်ထားမှုအရေအတွက် အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့်ပစ္စည်းများ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားအုန်းဆီနှင့်ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တုု သကြား၊ သဘာဝဓာတ်ငွေ့များအပါအဝင် အခြားသွင်းကုန် ပို့ကုန်ပစ္စည်းများကိုလည်း ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/54287

## COVID-19 ဂယက်ကြောင့် မြန်မာ-အိန္ဒိယ နယ်စပ်ဂိတ်များကို အောက်တိုဘာလကုန်အထိ ပိတ်ထားမည်

စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ဂိတ်နှင့် ချင်းပြည်နယ်နယ်စပ်ရောင်းဝယ်ရေးဂိတ်များကို COVID-19 ကူးစက်ရောဂါဖြစ်ပွားနေမှုအခြေအနေကြောင့် ပိတ်ထားမှုအား အောက်တိုဘာလကုန်အထိ ရက်တိုးမြှင့်ထားကြောင်း တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ''နယ်စပ်ဂိတ်တွေကို COVID-19 ရောဂါပိုး စတင်တွေ့ရှိချိန်ကစတင်လို့ စက်တင်ဘာလကုန်အထိ အသွားအလာ၊ အဝင်အထွက်အားလုံး ပိတ်ထားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့က သက်ဆိုင်ရာကို တစ်လတစ်ကြိမ်အခြေအနေတင်ပြပြီး အခြေအနေကိုစောင့်ကြည့်ရာမှာ တစ်ဘက်အိန္ဒိယမှာလည်း ရောဂါဖြစ်ပွားမှုမြင့်တက်နေသလို မြန်မာဘက်မှာလည်းမြင့်တက်နေတော့ အောက်တိုဘာလကုန်အထိရက်တိုးပြီး အသွားအလာပိတ်ထားတာဖြစ်ပါတယ်'' ဟု ၎င်းကပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင် နေထိုင်ကြသည့် ဒေသခံအများစုမှာ နယ်စပ်အရောင်းအဝယ် လုပ်ငန်းပေါ်တွင် ရပ်တည်စားသောက်ကြရသည့်အတွက် COVID-19 စတင်ဖြစ်ပွားသည့် မတ်လကုန် ရက်ပိုင်းမှစတင်၍ နယ်စပ်အသွားအလာပိတ်ထားရာနစ်နာဆုံးရှုံးမှုများရှိကြောင်း နယ်စပ်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူကုန်သည်တစ်ဦးကပြောသည်။ ''နယ်စပ်ပိတ်ထားတာ ရေရှည်လာတဲ့အတွက် ပြီးခဲ့တဲ့ဩဂုတ်လအတွင်းက စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သည်တွေ၊အရောင်းအဝယ်သမားတွေ နစ်နာမှုမရှိအောင် အစီအစဉ်တစ်ခု ရေးဆွဲခဲ့ပါတယ်။ နယ်စပ်မှာ အသွားအလာ အဝင်အထွက်မလုပ်ဘဲ ကုန်ပစ္စည်းချင်းဖလှယ်ရောင်းဝယ်တဲ့စနစ်လုပ်ဖို့ပါ။ဒါပေမဲ့ အောက်တိုဘာလကုန်အထိတော့ ရောဂါကူးစက်မှု နှစ်ဖက်လုံးမြင့်တက်နေတဲ့အတွက် နယ်စပ်ကတော့ပိတ်ထားရဦးမှာဖြစ်ပါတယ်''ဟု တမူးမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းကပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ် တမူးနယ်စပ်ရောင်းဝယ်ရေးသည် မြန်မာ-အိန္ဒိယနယ်စပ်တွင် ပစ္စည်းစုံ၊ အမယ်စုံ အရောင်းအဝယ်ဖြစ်သော နယ်စပ်ဖြစ်ပြီးချင်းပြည်နယ်ရိဒ်နယ်စပ်သည် ဒုတိယအကြီးဆုံး အိန္ဒိယ-မြန်မာ ရောင်းဝယ်ရေးနေရာဖြစ်သည်။ ယခုအခါ နယ်စပ်နှစ်ခုလုံးပိတ်ထားခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144547.html

## ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင် ရောင်းအား ၈၀ ရာခိုင်နှုန်းခန့်ကျဆင်း

ကိုဗစ်ဂယက်ကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဝင်ရောက်သည့် ကားစီးရေ ယခင်ကထက် လေးပုံတစ်ပုံခန့် လျော့နည်းနေပြီး လက်ကားဈေးကွက်တွင် ဝယ်လိုအား ၈၀ ရာခိုင်နှုန်းထိ လျော့ကျသွားကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။ လက်ကားရောင်းချရန်ဖွင့်လှစ်ထားသော ပွဲရုံများသို့ မြို့နယ် အသီးသီးမှ ရောင်းချမည့်သူများ လာရောက်ဝယ်ယူမှုနည်းပါးခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်) ဥက္ကဋ္ဌ ဦးခင်ဟန်က မြန်မာတိုင်းမ်ကိုပြောသည်။ '' ခုက လက်လီဆိုင်က ကုန်သည်တွေက လာမဝယ်ကြဘူး ။ ဒါ့အပြင် ကုန်ကားတွေလည်း အရင်ကထက် အဝယ်လျော့တယ် '' ၎င်းကဆိုသည်။

လက်ရှိတွင် နယ်မြို့များအကြား ကုန်စည်ဖလှယ်ရေးစနစ်ဖြင့် ကူးသန်းမှုပြုနေပြီး ကိုဗစ်သက်ရောက်မှုကြောင့် ကုန်စည်ပို့ဆောင်ရာတွင် ရန်ကုန်ကို လာရောက်ရန် ခက်ခဲသဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အခြေခံစားသောက်ကုန်များဝင်ရောက်မှု နည်းပါးလျက်ရှိသည်။ ထို့ကြောင့်လည်း ကုန်စည်ပို့ဆောင်ရေးအဆင်ပြေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ တာဝန်ရှိသူများနှင့် နေ့စဉ်ဆွေးနွေးနေပြီး လာမည့်တစ်ပတ်အတွင်း စားသောက်ကုန်ကားများ ယခင်အတိုင်း ပြန်ဝင်နိုင်ဖွယ်ရှိကြောင်း ဦးခင်ဟန်ကဆိုသည်။ '' ခုက ဈေးမသွားရဲဘူး။ ဘာမှန်းကို မသိသေးလို့ သွားဝယ်လို့ ရ၊ မရ မသိရသေးဘူး။ ရှိတာတွေ ရောင်းနေရတယ်။ ပြတ်သလောက်ရှိနေပြီ။ ဆန်၊ဆီ စတဲ့ အခြေခံ ကုန်တွေကတော့ နေ့တိုင်း အဝယ်ရှိနေတယ်။ ကိုယ်ကလည်း အများကြီး မဝယ်ထားနိုင်တော့ ပြတ်သလောက်ရှိနေပြီ '' ဟု မြောက်ဒဂုံမြို့နယ်အတွင်း လက်လီရောင်းချသည့် ကုန်ခြောက်ဆိုင်ပိုင်ရှင် ဒေါ်မိုးကဆိုသည်။ ယခုရက်ပိုင်းအတွင်း အခြေခံစားသောက်ကုန်များ ဈေးမြင့်တက်နေပြီး ဆန်၊ ဆီ ကြက်သွန်နှင့်သားငါးစသည့် ဈေးနှုန်းများသည် ယခင်ကထက် တစ်မျိုးလျှင် ကျပ်၂၀၀မှ ၅၀၀ ဝန်းကျင်ထိ မြင့်တက်ကြောင်း လက်လီဝယ်ယူရောင်းချသူများထံမှ စုံစမ်းသိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်ကားအစီးရေ ၂၀၀ ခန့် ယခင်က နေ့စဉ်ဝင်ရောက်သော်လည်း လက်ရှိတွင် ကားအစီးရေ ၂၀ ခန့်သာ ဝင်ရောက်မှုရှိတော့ကြောင်း ဆန်ကုန်သည်များက မြန်မာတိုင်းမ်ကိုပြောထားသည်။ ယင်းအပြင် ပြည်တွင်း စားသုံးမှုများသည့် ပေါ်ဆန်း၊ ရွှေဘို၊ မြောင်းမြ ဖျာပုံစသည့်ဆန်များသည် တစ်အိတ်လျှင် ပျမ်းမျှလေးထောင်ကျော် ခန့်မြင့်တက်နေပြီး ပြည်ပတင်ပို့သည့် ဆန်အသစ်များသည် ၂၅ မတ်ဆန် တစ်အိတ်လျှင် ယခင် ၂၃၀၀၀ ကျပ်မှ  ကျပ် ၂ သောင်း ထိ လျော့ကျသွားကြောင်းသိရသည်။

လက်ရှိတွင် ကိုဗစ်ဂယက်ကြောင့် ပြည်ပဝယ်လိုအားကျဆင်းမှုနှင့်အတူ ဒေါ်လာဈေးနှုန်းကျဆင်းမှုများကြောင့် ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်အသစ်ဝင်ရောက်မှု နည်းပါးသွားခြင်းဖြစ်ကြောင်း ဆန်ကုန်စည်ဒိုင်ပိုင်ရှင်တစ်ဦးဖြစ်သည့် ဦးသန်းဦးကဆိုထားသည်။

**Source:** https://myanmar.mmtimes.com/news/144528.html

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက် Covid-19 ကြောင့်မပြည့်မီခဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၈ ဘီလီယံရရှိခဲ့ပြီး Covid-19 ဖြစ်ပွားမှုကြောင့် မျှော်မှန်းချက် မပြည့်မီနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်အားပြည့်မီရန် အမေရိကန်ဒေါ်လာသန်း ၁၂၀ လိုအပ်ခဲ့သည်။ "Covid-19 ဖြစ်ပွားမှု အခြေအနေအရ ရင်းနှီးမြှုပ်နှံသူတွေကို သွားလာရေးအကန့်အသတ်ရှိခြင်း၊ သက်ဆိုင်ရာ နယ်မြေကဏ္ဍ ကွင်းဆင်းရာမှာ ကန့်သက်မှုရှိခြင်းတို့ကြောင့်ပါ" ဟု ဦးသန့်စင်လွင်က အွန်လိုင်းမှတစ်ဆင့် မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောသည်။

၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိရန် မျှော်မှန်းချက်မှာ အမေ ရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပြီး Covid-19ကာလ အသွားအလာကန့်သတ်ချက်အခြေအနေများကြောင့် အချို့လုပ်ငန်းများအား ခွင့်ပြုပေးနိုင်ခဲ့ခြင်းမရှိကြောင်း ၎င်းကဆိုသည်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ဘီလီယံကျော်တန်ဖိုးရှိ Pipe Line လျာထားသည့် လုပ်ငန်းများကို ခွင့်ပြုပေးနိုင်လျှင် ရည်မှန်းထားသည့် လျာထားချက်ကို ကျော်လွန် ပြည့်မီသွားဖွယ်ရှိသည် ဟု ဦးသန့်စင်လွင်က ပြီးခဲ့သည့် စက်တင်ဘာလ သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၂၉၀ အထိခွင့်ပြုပေးခဲ့သည်။ ဘဏ္ဍာရေး တစ်နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၂၄၅ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းစသည်ဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ၆၈ ဘီလီယံ ရရှိခဲ့သည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတွင် Covid-19 ဒုတိယလှိုင်းဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်ထားခြင်း၊ ရန်ကုန်တိုင်းအတွင်း မြို့နယ်တစ်ခုနှင့်တစ်ခု သွားလာရေးကန့်သတ်ခြင်း၊ Stay at Home အစီအစဉ်

ဆောင်ရွက်ခြင်းနှင့် အစိုးရရုံးတည်ရှိရာ နေပြည်တော်သို့သွားလာရန် ကန့်သတ်ထားခြင်းတို့ကို အစိုးရက ပြုလုပ်ခဲ့သည်။ "တချို့ လုပ်ငန်းတွေက ဝင်ရောက်ရေးအစီအစဉ်ရှိပေမယ့် မဝင်ရောက်သေးတာပဲ ဖြစ်ပါတယ်" ဟု Covid-19 ကာလ အသွားအလာ ကန့်သတ်မှုကြောင့် နှောင့်နှေးရခြင်းနှင့် ပတ်သက်ပြီး ဦးသန့်စင်လွင်ကဆိုသည်။

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၂ ဘီလီယံရရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၆၈ ဘီလီယံရရှိခဲ့သည့်အတွက် ၁ ဒသမ ၁၆ ဘီလီယံ တိုးတက်ရရှိလာခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွင်း အများဆုံး ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ လျှပ်စစ်ကဏ္ဍ ၃၀ ဒသမ၂၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၂၀ ဒသမ ၄၂ ရာခိုင်နှုန်းနှင့် အိမ်ရာကဏ္ဍ ၂၀ ဒသမ ၁၉ ရာခိုင်နှုန်း ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သည့် နိုင်ငံများမှာ စင်္ကာပူ၊တရုတ်၊ထိုင်း၊ ဟောင်ကောင်၊ဗြိတိန်၊ ကိုရီးယား၊ဗီယက်နမ်၊မလေးရှား၊နယ်သာလန် နှင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြကြောင်း ထုတ်ပြန်ချက်များအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/144471.html

## ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံသားများ အွန်လိုင်းမှ ဝယ်ယူမှုပိုမိုပြုလုပ်

BeCommerce ဈေးကွက်စောင့်ကြည့်လေ့လာရေး၏ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ဘယ်လ်ဂျီယံနိုင်ငံ သားများ အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်အတွင်း အွန်လိုင်းမှဝယ်ယူသုံးစွဲမှု (၃၃) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ စားသုံးသူများမှ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသုံးစွဲမှုသည် စုစုပေါင်း တန်ဖိုးအားဖြင့် ယူရို ၈ ဒသမ ၁ သန်းရှိခဲ့သည်ဟု ဆိုသည်။ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသည့် ပါဆယ်(၄) ခုလျှင် တစ်ခုကျော်သည် အဝတ်အထည်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ် ဝက်ကာလအတွင်း အဝတ်အထည်ဝယ်ယူမှု သုံးကြိမ်လျှင် တစ်ကြိမ်မှာ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်း ကာလမတိုင်မီက အွန်လိုင်းမှဝယ်ယူသည့် အချိုးအစားမှာ ၂၀ ရာခိုင်နှုန်းအောက်လျော့နည်းခဲ့ကြောင်းသိရသည်။

သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ ဝန်ဆောင်မှုကဏ္ဍအပေါ် သက်ရောက်မှု ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးအပေါ် သိသာသော ရိုက်ခတ်မှုရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလတွင် e-commerce လုပ်ငန်းမှ turnover မှာ ယူရို ၅ ဒသမ ၁ ဘီလီယံရှိခဲ့သဖြင့် ၁၀ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး၊ နှစ်အလိုက်နှိုင်းယှဉ် ချက်တွင်မူ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ကျန်းမာရေးပြုစုစောင့်ရှောက်လုပ်သားမလုံလောက်မှု ဂျပန်ရင်ဆိုင်ရမည်

ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန (MHLW) က ၂၀၄၀ ပြည့်နှစ်အရောက်တွင် နိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေ အများဆုံးဖြစ်လာနိုင်သည့်အတွက် ကျန်းမာရေးကဏ္ဍနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာဝန်ထမ်းများ အင်အားမလုံမလောက် ဖြစ်လာနိုင်ပါကြောင်း၊ နိုင်ငံ၏ လူဦးရေကျဆင်းလာသည်နှင့်အမျှ သက်ကြီးရွယ်အိုများ ပိုမို များပြား လာသည့်အတွက် အဆိုပါအရေးကိစ္စကိုစိုးရိမ်ဖွယ်ဖြစ်ပါကြောင်း ၎င်းတို့၏အစီရင်ခံစာမူကြမ်းတွင် သုံးသပ်ဖော်ပြထားပါသည်။

၂၀၄၀ ပြည့်နှစ်တွင် ကျန်းမာရေးကဏ္ဍနှင့် ပြုစုစောင့်ရှောက်ရေးနယ်ပယ်တွင် လုပ်သားအရေအတွက် ၁၀.၇ သန်း လိုအပ်လာနိုင်ကြောင်း၊ လုပ်သား ၅ ဦးတွင် ၁ ဦးနှုန်း အဆိုပါနယ်ပယ်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နေခြင်းဟု သုံးသပ်ရ ပါကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် အသက် ၆၅ နှစ်ရှိသူ အမျိုးသားများ၏ ၄၀ % သည် အသက် ၉၀ နှစ်အထိ အသက်ရှည်ဖွယ်ရာ ရှိပြီး အမျိုးသမီးများ၏ ၂၀ % အသက် ၁၀၀ နှစ်အထိ အသက်ရှည်ဖွယ်ရှိပါကြောင်း အဆိုပါ အစီရင်ခံစာမူကြမ်းတွင် ဖော်ပြ ထားပါသည်။

ထိုအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် စဉ်ဆက်မပြတ်တိုးတက်စေမည့် လူမှုဖူလုံရေးစနစ်တစ်ခုကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော်ရန် အဓိကအချက်အနေဖြင့် ၎င်းအစီရင်ခံစာတွင် ထည့်သွင်းထားကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အအေးခန်းဖြင့်တင်သွင်းလာသော စားသောက်ကုန်များတွင် COVID-19ပိုး စစ်ဆေးနေသည့် တရုတ်နိုင်ငံ

COVID-19ရောဂါ ကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအတွက် တရုတ်နိုင်ငံက နောက်ဆုံးဆောင်ရွက်ချက်အနေဖြင့် ပြည်ပမှအအေးခန်းဖြင့်တင်သွင်းလာသော အစားအစာအားလုံးတို့အား novel coronavirus nucleic acid testများ စစ်ဆေးလျက်ရှိပါသည်။

၎င်းကုန်စည်များအပြင် ကူးစက်မှုအန္တရာယ်မြင့်မားသောနိုင်ငံများနှင့်ဒေသများထံမှ ရောက်ရှိလာသည့် အခြားကုန်ပစ္စည်းများကိုလည်း စစ်ဆေးသွားမည်ဖြစ်သည် ဟုသိရပါသည်။

မည်သည့်ပို့ဆောင်ရေးနည်းလမ်းဖြင့်မဆိုရောက်ရှိလာသော အအေးခန်းစနစ်ဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများ၊ ၎င်းပစ္စည်းများကို ထားရှိသည့်နေရာများနှင့် သိုလှောင်ရုံများကိုဆို ရောဂါပိုးမွှားများ ကင်းစင်ရေး ပိုးသတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**Source:** english.customs.gov.cn

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ယခုနှစ်အတွင်း သဘာဝဓာတ်ငွေ့ပိုမိုအသုံးပြုရန် မျှော်လင့်ထားသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ စွမ်းအင်ရင်းမြစ် ဖွံ့ဖြိုးရေးနှင့် တူးဖော်ရေးအားထုတ်ကြိုးပမ်း မှုများကြောင့် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့တင်သွင်းမှုမှာ တိုးလာနိုင်ကာ၊ သဘာဝဓာတ်ငွေ့အသုံးပြုမှုမှာလည်း ကုဗပေ (၁၃)ဘီလီယံ တိုးမြင့်လာလျက် ကုဗပေ (၃၂၀) ဘီလီယံသို့ ရောက်ရှိနိုင်ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးက ထုတ်ပြန်နိုင်သည့်အစီရင်ခံစာအရ သိရပါသည် ။

၂၀၁၉ ခုနှစ်အတွင်း အရန်သိုလှောင်ထားရှိမှုနှင့် ထုတ်လုပ်မှုနှစ်ရပ်လုံးတွင် စံချိန်တင်မြင့်မားခဲ့ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုမှာလည်း ယခင် နှစ်ကထက် (၂၅.၇)ရာခိုင်နှုန်းတိုးတက်လာကာ ယွမ်ငွေ (၃၃၅.၅) ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၉.၆ ဘီလီယံခန့်)သို့ ရောက်ရှိခဲ့ပါသည်။

အလားတူကာလအတွင်း အခြားနိုင်ငံများထံမှ တရုတ်နိုင်ငံအတွင်းသို့ သဘာဝ ဓာတ်ငွေ့တင်သွင်းမှုမှာ ကုဗပေ (၁၃၅.၂) ဘီလီယံသို့ရောက်ရှိလာကာ (၆.၉)ရာခိုင်နှုန်းတိုး လာသည်ကို တွေ့ရပါသည်။

၂၀၁၉ ခုနှစ်မှစ၍ တရုတ်နိုင်ငံက သဘာဝဓာတ်ငွေ့ဈေးကွက်တွင် ဈေးကွက်ဦးတည်သော ပြုပြင်ပြောင်းလဲမှုများဆီသို့ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ တွန်းအားပေးရာတွင် အစီအစဉ်တကျဆောင်ရွက်ထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးနှင့် ဖွံ့ဖြိုးရေးဈေးကွက်အား တံခါးဖွင့်ပေးခြင်း၊ ပေါင်းစည်းထားသော နိုင်ငံအဆင့် ကွန်ယက်တည်ဆောက်ရေးကိုမြှင့်တင်ခြင်းနှင့် လေထုညစ်ညမ်းမှု ကာကွယ် ရေးနှင့်ထိန်းချုပ်ရေးတွင် သဘာဝဓာတ်ငွေ့၏အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို အပြည့်အဝပေးခြင်းတို့ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော လေထုညစ်ညမ်းမှုထိန်းချုပ်ရေး (၃)နှစ် လုပ်ငန်းစီမံချက်အရ တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ စုစုပေါင်းအခြေခံ စွမ်းအင်အသုံးပြုမှု၌ သဘာဝဓာတ်ငွေ့အသုံးပြုမှုဝေစုအား (၁၀)ရာခိုင်နှုန်းတိုးမြှင့်သွားမည်ဟု မျှော်မှန်းထားကြောင်း သိရပါသည်။

**Source:** Xinhua

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

# STOCK EXCHANGE (5.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 5th Oct. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 439 | 4,390,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | -50 | -1.33% | 3,750 | 3,750 | 3,700 | 128 | 475,850 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 12 | 96,000 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 411 | 8,842,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,700 | 118 | 319,000 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 109 | 332,450 | 19,977,223 | 60,931 |

## Market summary

As of 5th Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.31 | -2.38 | -0.54% | 437.44 | 437.44 | 435.31 | 1,217 | 14,455,300 | 6 | 647,717 |

### Index chart




### Historical price

## Market Overview

As of 11:00 am, 5th Oct. 2020

| MYANPIX | 436.18 ▼1.51 |
|---|---|
| Total Volume (shares) | 822 |
| Total Value (MMK) | 12 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,022 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 3,750 | ▲0 |
| MCB | 00003 | 8,000 | ▲0 |
| FPB | 00004 | 21,500 | ▼500 |
| TMH | 00005 | 2,700 | ▲0 |
| EFR | 00006 | 3,050 | ▼50 |